ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီး ဝေဒနာနှင့် တူကုန်သော။ ဝေယျာဗာဓိကာနံ၊ ခတ်ချောက်ချားခြင်း, ခတ်ချောက်ချားခြင်း အရင်းခံရှိသော အနာကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို။ ပဋိဃာတာယ ဝေ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ယာဝ အဗျာပဇ္ဈပရမတာယ ဝေ၊ ဆင်းရဲကင်းကွာ ကျန်းမာ ချမ်းသာခြင်း အတိုင်းအရှည် တိုင်ရုံ အကျိုးငှါသာလျှင်။ ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရံ၊ ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက်အဦးဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

ဝေဒနာများကိုသာ နောင်မဖြစ်လာအောင် ဆေးဖြင့် တားမြစ်နိုင်၏၊ ထို့ကြောင့် "ဥပ္ပန္နသဒ္ဒိသာ ပန ဥပ္ပန္နာတိ ဝုတ္တာ" စသည်ဖြင့် ဋီကာ ဖွင့်သည်။]

ဝေယျာဗာဓိကာနန္တိ ဧတ္ထ ဗျာဗာဓေတိ (ဝေယျာဗာဓေနှင့် ဗျာဗာဓေ တူသည်၊ ဝေယျာကရဏနှင့် ဗျာကရဏတို့ တူသကဲ့သို့တည်း၊) ခါတုက္ခောဘေဘ, တံသမုဋ္ဌာနာ စ ကုဋ္ဌဂဏ္ဍပီဠကာဒယော၊ ဗျာဗာဓတော ဥပ္ပန္နာ ဝေယျာဗာဓိကာ၊ [ခန္ဓာကိုယ်၌ ခါတ် ၄-ပါးပျက်မှုကို "ခါတုက္ခောဘ"ဟု ခေါ်၏၊ ထိုသို့ ခါတ်ချောက်ချားမှုကြောင့်လည်း ညောင်းမှု ကိုက်မှု စသော ဒုက္ခဝေဒနာ ဖြစ်တတ်သည်၊ ခါတ်ချောက်ချားလျှင် အနာပေါက်တတ်၏၊ ထိုအနာကြောင့်လည်း ဒုက္ခဝေဒနာ ဖြစ်လာတတ်၏-ဟူလို။] "ဝေယျာဗျာဓိကာနံ" ဟု ရှိသည်ကား အဋ္ဌကထာဖွင့်နှင့် မညီ။